

# Managing Aquatic Agricultural Systems to Improve Nutrition and Livelihoods in Rural Myanmar (MYNutrition)

WorldFish


## နိဒါန်း

"မြန်မာနိုင်ငံရှိကျေးလက်ဒေသများတွင် အာဟာရနှင့် အသက်မွေးဝမ်းကျောင်းမှုများ မြှင့်တင်ပေးရန် ရေနေအပင်နှင့်သတ္တဝါ စိုက်ပျိုးမွေးမြူရေးစနစ် စီမံခန့်ခွဲရေး (MYNutrition)" စီမံကိန်းသည် ၂၀၁၅ခုနှစ်မှ ၂၀၁၇ခုနှစ်ထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်မြောက်ဘက်ရှိ ကျေးလက်ဒေသများတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော IFADမှ ငွေကြေးထောက်ပံ့ခဲ့သည့် "သေးငယ်သောငါးများနှင့် အာဟာရ"စီမံကိန်း လက်အောက်ရှိ ဆန်းသစ်အောင်မြင်သော စိုက်ပျိုးမွေးမြူရေးနှင့် ငါးမွေးမြူရေးလုပ်ငန်းပေါင်းစပ်ထားသည့်/ စိုက်ပျိုးမွေးမြူရေး-အာဟာရကွင်းဆက် ချည်းကပ်နည်းများကို ကျင့်သုံးရန်နှင့် တိုးချဲ့ရန် ရည်မှန်းထားပါသည်။ ဤစီမံကိန်းတွင် ရိုးရာငါးကြင်းမျိုး၊ အာဟာရကြွယ်ဝသည့် သေးငယ်သောငါးမျိုးစိတ်များနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးမွေးမြူရေးတွင် အမျိုးသားများရော အမျိုးသမီးများပါ ပါဝင်လာရေးနှင့် လူအများပါဝင်ဆောင်ရွက်သော ရည်ရှည်တည်တံ့သော ရေတိမ်ဒေသများစီမံခန့်ခွဲခြင်းနှင့် မျိုးစိုက်ထည့်ခြင်းအား မြှင့်တင်ခြင်းဖြင့် ဒေသတွင်းငါးမျိုးစိတ် (အများအားဖြင့် အရွယ်သေးငယ်သော) ထုတ်လုပ်မှု မြှင့်တင်ရေးတို့ ပါဝင်ပါသည်။

MYNutrition စီမံကိန်းကို လက်ရှိဆောင်ရွက်မှုများ၏ အဓိကဖြည့်စွက်ချက်တစ်ခုအဖြစ် ပြုလုပ်ထားခြင်း ဖြစ်ပါသည်။ ဤစီမံကိန်းကို အရေအတွက်ကိုရော အရည်အသွေးကိုပါ စောင့်ကြည့်အကဲဖြတ်သည့် သုတေသနနည်းလမ်းများပေါ် အခြေခံထားသော သိပ္ပံနည်းကျ၍ ကောင်းမွန်ခိုင်မာသော စောင့်ကြည့်မှုများ၊ ချင့်ချိန်သုံးသပ်ရန်ကန့်သတ်ချက်များနှင့် သက်ဆိုင်သည့် LIFTမှ ငွေကြေးထောက်ပံ့ပေး ထားသော "MYCulture"နှင့်  ACIARမှ ငွေကြေးထောက်ပံ့ပေးထားသော "MYfish"တို့ကို စိုက်ပျိုးမွေးမြူ ရေးနှင့် ငါးမွေးမြူရေးလုပ်ငန်းပေါင်းစပ်ထားသည့်/ စိုက်ပျိုးမွေးမြူရေး-အာဟာရကွင်းဆက် ချည်းကပ်နည်းများ ဖြည့်စွက်ဆောင်ရွက်မည် ဖြစ်ပါသည်။

MYNutrition စီမံကိန်းသည် အာဟာရနှင့်ပတ်သတ်၍ သတိထားရသော စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကြားဖြတ်ဆောင်ရွက်မှုများနှင့် သုတေသနလုပ်ငန်းများအပေါ် အစိုးရနှင့် NGOဝန်ထမ်းများ၏ စိတ်ဝင်စားမှုနှင့် စွမ်းဆောင်ရည် မြင့်မားလာစေရန် MYCultureနှင့် MYFishတို့လက်အောက်တွင် ဖွံ့ဖြိုးလာသောနည်းလမ်းများကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် ဤစီမံကိန်းသည် ရှာဖွေတွေ့ရှိချက်များကို ဖြန့်ဝေသွားမည်ဖြစ်ပြီး ဖော်ထုတ်ထားသည့် အောင်မြင်သောဆန်းသစ်မှုများကို အားပေးမြှင့်တင်ဖို့အတွက် အစိုးရအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအစုဝင်များအား အသိပညာများ ထပ်မံမျှဝေပေးသွားမည် ဖြစ်ပါသည်။

## Myanmar




## Key Facts

- **Project name**: Managing Aquatic Agricultural Systems to Improve Nutrition and Livelihoods in rural Myanmar (MYNutrition)
- **Geographies**: Ayeyarwady Delta and Central Dry Zone (CDZ)
- **Country**: Myanmar
- **Project duration**: September 2015–August 2018



## ရည်မှန်းချက်များ

ဤစီမံကိန်း၏ ယေဘုယျရည်မှန်းချက်မှာ ကိုယ်ပိုင်ထုတ်လုပ်ရာမှရရှိသည့် အာဟာရ ကြွယ်ဝသော ငါးသေးမျိုးစိတ်နှင့် ဟင်းသီးဟင်းရွက်များကို စားသုံးနိုင်မှု မြှင့်တင်ခြင်းနှင့် အိမ်၏ဝင်ငွေ မြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ရေနေအပင်နှင့်သတ္တဝါ စိုက်ပျိုးမွေးမြူရေးစနစ်တွင်ပါဝင်သော ဆင်းရဲနွမ်းပါး သော ကျေးလက်ဒေသရှိနေအိမ်များ၏ အာဟာရနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို မြှင့်တင်ပေးရန် ဖြစ်ပါသည်။ MYNutrition စီမံကိန်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပြုလုပ်ကျင့်သုံးနေသော စိုက်ပျိုးမွေးမြူ ရေးနှင့် ငါးမွေးမြူရေးလုပ်ငန်းပေါင်းစပ်ထားသည့်/ စိုက်ပျိုးမွေးမြူရေး-အာဟာရကွင်းဆက် ချဉ်းကပ်နည်းကို မြန်မာနိုင်ငံရှိ ရည်မှန်းထားသောနေရာများတွင် ကျင့်သုံးရန်နှင့် ရွေ့ပြောင်းစမ်းသပ်ရန် လေ့လာနေပါသည်။

- ၁။ ကန်တွင်းရှိ သေးငယ်သောငါးများ ငါးကြင်းများနှင့် ရေနုတ်မြောင်းများနှင့် ခြံတွင်းရှိ ဥယျာဉ်များရှိ အာဟာရကြွယ်ဝသည့် ဟင်းသီးဟင်းရွက်များပါဝင်သော ဆန်းသစ်သည့်နည်းပညာများကို အသုံးချပြီး ခြံတွင်းကန်နှင့်ရေနုတ်မြောင်းများ၏ ထုတ်လုပ်ခြင်းနှင့် ထုတ်လုပ်နိုင်စွမ်းကို မြှင့်တင်ခြင်း။
- ၂။ ရည်ရှည်တည်တံ့သော စီမံခန့်ခွဲခြင်းနှင့် အာဟာရ ကြွယ်ဝသည့် သေးငယ်သော ငါးလေးများထုတ်လုပ်မှုကို မြှင့်တင်ခြင်းဖြင့် နန်းမြေများရှိ သေးငယ်သောငါးထုတ်လုပ်ရေးနှင့် ငါးမျိုးစိတ်မျိုးစုံ စုစုပေါင်းကို မြှင့်တင်ခြင်း။
- ၃။ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များတွင် အာဟာရကြွယ်ဝသည့် သေးငယ်သောငါးများနှင့် ဟင်းသီးဟင်းရွက်များ စားသုံးမှုကိုမြှင့်တင်ရန် behavior change communication ကို စီမံခန့်ခွဲခြင်း။
- ၄။ လိင်ပိုင်းဆိုင်ရာ(ကျား၊မ)သာတူညီမျှမှုနှင့် အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်ကို မြှင့်တင်ခြင်း။
- ၅။ စိုက်ပျိုးမွေးမြူရေးနှင့် ငါးမွေးမြူရေးလုပ်ငန်းပေါင်းစပ်ထားသည့်/ စိုက်ပျိုးမွေးမြူရေး-အာဟာရ ကွင်းဆက် ချဉ်းကပ်နည်းကို အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ ဖြန့်ဝေရာတွင် လည်းကောင်း ထိုရလဒ်များကို စောင့်ကြည့်စစ်ဆေးရာတွင်လည်းကောင်း ပြည်တွင်းအဖွဲ့အစည်းများ (အထူးသဖြင့် တက္ကသိုလ်များရှိ ငါးမွေးမြူ ရေးဌာနများ)နှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်တည်ဆောက်ခြင်း။

## မျှော်မှန်းထားသော ရလဒ်များ

**ရလဒ် ၁** - ရည်မှန်းထားသော ပုဂ္ဂလိက တစ်နိုင်ငါးမွေးမြူရေး နှင့် ဒေသရှိကျေးရွာဘုံကန်များ များတွင် ငါးမွေးမြူရေးအတွက် အိမ်ခြေ ၁၇ဂဂ တွင် အာဟာရ ကြွယ်ဝသည့် သေးငယ်သောငါးများနှင့် ဟင်းသီးဟင်းရွက်များ ရရှိနိုင်ရေးနှင့် စားသုံးနိုင်ရေးကို မြှင့်တင်ပေးနိုင်မည်။

**ရလဒ် ၂** - အထူးသဖြင့် ခြံတွင်းသီးနှံ စားသုံးမှု၊ စိုက်ပျိုးမွေးမြူရေး အလေ့အကျင့်နှင့် အလုပ် တာဝန်များနှင့်ပတ်သတ်၍ လိင်ပိုင်းဆိုင်ရာ(ကျား၊မ)သာတူညီမျှမှုနှင့် အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်ကို မြှင့်တင်ပေးနိုင်မည်။

**ရလဒ် ၃** - စိုက်ပျိုးမွေးမြူရေးနှင့် ငါးမွေးမြူရေးလုပ်ငန်းပေါင်းစပ်ထားသည့်/ စိုက်ပျိုးမွေးမြူရေး-အာဟာရ ကွင်းဆက် ချဉ်းကပ်မှုတွင် ပြည်တွင်းရှိအဖွဲ့အစည်းများ(အထူးသဖြင့် တက္ကသိုလ်များရှိ ငါးမွေးမြူ ရေးဌာနများ)နှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၏ အသိပညာ၊ စိတ်ဝင်စားမှုနှင့် လေ့ကျင့်မှုများကို မြှင့်တင်ပေးနိုင်မည်။

IFAD Investing in rural people WorldFish